# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ

# Income Restoration Program in Thilawa

## ဇုန် (ဘီ) စီမံကိန်းကြောင့်ထိခိုက်သူများအားမြေပါမစ်ပေးအပ်သည့်အခမ်းအနားကျင်းပခြင်း (၂၀၁၉ခုနှစ် မတ်လ ၁၇ ရက် )



ဇုန်(ဘီ)ပြန်လည်နေရာချထားရေးနေရာရှိစီမံကိန်းကြောင့်ထိခိုက်သူများအားမြေပါမစ်ပေးအပ်သည့်အခမ်းအနားကို၂၀၁၉ခုနှစ်၊မတ်လ၊(၁၇)ရက်နေ့တွင်ရန်ကုန်တောင်ပိုင်းခရိုင်အိုးအိမ်ဦးစီးဌာန၌ပြုလုပ်ခဲ့ရာတွင်အစိုးရတာဝန်ရှိလူကြီးများနှင့်စီမံကိန်းကြောင့်ထိခိုက်သူများစုစုပေါင်း(၆၇)ဦးတက်ရောက်ခဲ့ကြပါသည်။အခမ်းအနားတွင်မြေပါမစ်ပေးအပ်ပြီးနောက်မူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်အရ စက်ချုပ်သင်တန်းပေးခြင်းနှင့်လူထုဖွံ့ဖြိုးရေးစင်တာဆောက်လုပ်ခြင်းကိစ္စရပ်များကိုတက်ရောက်သူများနှင့်အတူဆွေးနွေးခဲ့ကြပါသည်။

## Land permits provision ceremony for Zone B Project Affected Persons (PAPs) on 17th March 2019



The ceremony was held on 17th March 2019 at Department of Urban and Housing Development Kyauktan Township with the 67 participants including government officers and Zone B project affected persons (PAPs). After the land permits provision, the participants discussed about the Income Restoration Program (IRP) activities which include the basic tailoring training and construction of community center at the Zone B relocation site.

## (၉)ကြိမ်မြောက်သီလဝါအထူးစီးပွားရေးဇုန်မှတာဝန်ရှိသူများနှင့်ဒေသခံကိုယ်စားလှယ်များတွေ့ဆုံမှု(TCC)အစည်းအဝေးအားကျင်းပခြင်း (၂၀၁၉ ခုနှစ် မတ်လ ၁၉ ရက်)



၂၀၁၉ခုနှစ်မတ်လ၁၉ရက်နေ့တွင်(၉)ကြိမ်မြောက်သီလဝါအထူးစီးပွားရေးဇုန်မှတာဝန်ရှိသူများနှင့်ဒေသခံကိုယ်စားလှယ်များတွေ့ဆုံမှု(TCC)အစည်းအဝေးကိုMJTD၏အစည်းအဝေးခန်းမတွင်ကျင်းပခဲ့ပါသည်။ထိုအစည်းအဝေးပွဲသို့MJTDမှတာဝန်ရှိလူကြီးများ၊ကျေးရွာအုပ်ချုပ်ရေးမှူးများ၊စီမံကိန်းကြောင့်ထိခိုက်ခံရသောကျေးရွာများမှဒေသခံကိုယ်စားလှယ်များ၊စီမံကိန်းကြောင့်ထိခိုက်သူများနှင့်သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီတို့မှစုစုပေါင်း(၁၉)ဦးတက်ရောက်ခဲ့ကြပါသည်။အစည်းအဝေးပွဲကျင်းပရခြင်း၏အဓိကရည်ရွယ်ချက်များမှာ သီလဝါအထူးစီးပွားရေးဇုန်မှ အနီးအနားရှိပတ်ဝန်းကျင်ကျေးရွာများအတွက်ဆောင်ရွက်ပေးရန်စီစဉ်ထားသောဖွံ့ဖြိုးရေးဆိုင်ရာလူမှုရေးတာဝန်ယူမှုလုပ်ငန်းစဉ်များနှင့်ဆောင်ရွက်ပေးထားပြီးဖြစ်သောကိစ္စရပ်များအားပြန်လည်စစ်ဆေးသုံးသပ်ရန်၊ဒေသခံလူထုထံမှတောင်းဆိုချက်များနှင့်မကျေနပ်ချက်များအားသိရှိရန်တို့ဖြစ်ပါသည်။

## 9th Thilawa Community Coordination Meeting was held on 19th March 2019



9th Thilawa Community Coordination (TCC) meeting was held at Myanmar-Japan Thilawa Development Office (MJTD) on 19th March 2019. 19 participants including MJTD, village administrators, representatives from project affected communities (PACs), PAPs and Thilawa SEZ Management Committee (TSMC) attended the meeting. The purpose of the meeting is to review the CSR activities for PACs that have been done and planning by MJTD, and to know the relevant requests and complaints from the communities.

Thilawa Resettlement IRP Technical Assistance Team, Address: Corner of Thilawa Development Road & Dagon – Thilawa Road,Thilawa SEZ, Thanlyin Township, Email: irp_information@irpthilawa.com , Phone Number: +959779623649

## အားနည်းသောအိမ်ထောင်စုများအားထောက်ပံ့ခြင်းအစီအစဉ် နှင့်သုံးလတစ်ကြိမ် စစ်တမ်းကောက်ယူခြင်း (၂၀၁၉ခုနှစ်၊ မတ်လ၊ ၂၆ရက်)



၃လတစ်ကြိမ်ပုံမှန်ပြုလုပ်နေကျဖြစ်သောအားနည်းသောမိသားစုများအားထောက်ပံ့ခြင်းအစီအစဉ်အတွက်စစ်တမ်းကောက်ယူခြင်းနှင့်လစဉ်အခြေခံစားသောက်ကုန်ထောက်ပံ့ခြင်းအစီအစဉ်ကို၂၀၁၉ခုနှစ်၊ မတ်လ၊၂၆ရက်နေ့တွင်ပြန်လည်နေရာချထားရေးနေရာ၌ပြုလုပ်ခဲ့ပါသည်။စစ်တမ်းကောက်ချက်များအရအားနည်းသောမိသားစုများအားထောက်ပံ့ခြင်းအစီအစဉ် စည်းမျဉ်းများနှင့်ကိုက်ညီသည့် အသက် ၆၁ နှစ်ပြည့်ပြီးဖြစ်သော အိမ်ထောင်စုတစ်စုကိုထပ်တိုး၍ စုစုပေါင်း အိမ်ထောင်စု၂၂စုမှမိသားစုဝင်၅၁ဦးတို့အားထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

## Quarterly Vulnerable People Program monitoring is conducted on 26th March 2019



Quarterly Vulnerable People Program monitoring is conducted to vulnerable families and monthly Vulnerable People Program was followed as usual on 26th March 2019. According to the monitoring result, one household which is entitled with VPP criteria was added to Vulnerable People Program starting from March. Basic foodstuffs are provided for those total 51 family members from 22 vulnerable households.

## ဇုန်(ဘီ)စီမံကိန်းကြောင့်ထိခိုက်သူများအား အခြေခံစက်ချုပ်သင်တန်း ထောက်ပံ့ပေးခြင်း (၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်)



စက်ချုပ်ပညာအားလေ့လာသင်ယူပြီးဝင်ငွေရရှိရန်လုပ်ကိုင်လိုသောသီလဝါအထူးစီးပွားရေးဇုန်(ဘီ)စီမံကိန်းကြောင့်ထိခိုက်သူများကိုမူလဝင်ငွေပြန်လည်ရရှိစေရေးအစီအစဉ်တစ်ရပ်အနေဖြင့်အခြေခံစက်ချုပ်သင်တန်းအား၂၀၁၉ခုနှစ်ဧပြီလ(၁)ရက်နေတွင်ညောင်ဝိုင်းကျေးရွာအုပ်စုမြိုင်သာယာမူကြိုကျောင်းတွင်စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။အဆိုပါ စက်ချုပ်သင်တန်းတွင် ်သင်တန်းသား/သူစုစုပေါင်း၁၅ဦးတက်ရောက်လျက်ရှိကာ၂၀၁၉ခုနှစ်၊ဧပြီလ(၁)ရက်နေမှမေလ(၄)ရက်နေအထိလူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ အိမ်တွင်းမှုသက်မွေးသင်တန်းကျောင်းမှဆရာမမှသင်ကြားပြသပေးသွားမည်ဖြစ်ပါသည်။

## Basic tailoring training was provided for Zone B PAPs on 1st April 2019



As a part of Income Restoration Program (IRP) activities, the basic tailoring training was provided for those Zone B Project Affected Persons (PAPs) who want to learn sewing and start the home business to earn the income for their livelihoods. The training was started on 1st April 2019 and will end up on 4th May 2019 at Myaing Thar Yar kindergarten, Nyaung Wine Village Tract, instructed by the professional trainer from Domestic Vocational Training School under the Ministry of Social Welfare Relief and Resettlement. Total 15 participants are attending the training.

## ဇုန်(ဘီ)ပြန်လည်နေရာချထားရေးနေရာတွင်အားနည်းသောမိသားစုများအားဧပြီလ အတွက်ထောက်ပံ့ခြင်း (၂၀၁၉ ခုနှစ် ဧပြီလ ၂၅ရက်)



အားနည်းသောမိသားစုများအားထောက်ပံ့ခြင်းအစီအစဉ်ကိုဇုန်(ဘီ) ပြန်လည်နေရာချထားရေးနေရာ၌ ၂၀၁၉ ခုနှစ်၊ ဧပြီလ (၂၅)ရက်နေ့တွင်ပြုလုပ်ခဲ့ပါသည်။အဆိုပါထောက်ပံ့ခြင်း၏ရည်ရွယ်ချက်မှာစီမံကိန်းကြောင့်ထိခိုက်သူများထဲမှအားနည်းသောမိသားစုများဟုသတ်မှတ်ထားသောအကျုံးဝင်မိသားစု(၂၂)မှမိသားစုဝင်၅၁ဦးအားနိုင်ငံတကာစံနှုန်းများနှင့်အညီမူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်တစ်ရပ်အနေဖြင့်လစဉ်အခြေခံစားသောက်ကုန်များဖြစ်သော(ဆန်နှင့်ဆီ)ကိုကူညီထောက်ပံ့ပေးရန်ဖြစ်ပါသည်။ထိုသို့ထောက်ပံ့ပေးခြင်းဖြင့်အားနည်းသောမိသားစုများ၏နေ့စဉ်အခြေခံစားသောက်ကုန်ဝယ်ယူခြင်းအတွက်ကုန်ကျမှုများအားတစ်ဖက်တစ်လမ်းမှနေ၍ ပံ့ပိုးပေးနိုင်ခဲ့ပါသည်။

## Vulnerable People Program for April was provided at Zone B relocation site on 25th April 2019



As a part of income restoration program activities, Vulnerable People Program was provided on 25th April 2019 at Zone B relocation site. The purpose of the provision is to provide monthly basic foodstuffs (rice and oil) for 51 family members from 22 households who were eligible as vulnerable families in accordance with the VPP criteria. This provision can be helped to reduce the expenses for the basic foodstuffs in their daily life.